# ကျော်သူ

အောင်ဝေး

ကျော်သူ ...
ခု အခြေအနေက
တိုင်းပြည်က နန
မုန်တိုင်းကထန်ထန် မဟုတ်တော့ဘူး။

ကျော်သူ ...
ခု အခြေအနေက
တိုင်းပြည်က ရင့်ရင့်
မုန်တိုင်း ရော်ရော်။

ကျော်သူ ...
မင်း ကြေကွဲနေသလား။

ကျော်သူ ...
မင်းနာကြည်းနေသလား။

ကျော်သူ ...
မင်းကို ပြည်သူက ချစ်နေတာ
ဂုဏ်ယူပါ။

ကျော်သူ ...
မင်း ဘယ်တော့မှ မပျောက်ကွယ်ဘူး
အားတင်းပါ။

ကျော်သူ ...
မင်းဟာ ပြည်သူ့ရင်ထဲမှာ
ထာဝရရုပ်ရှင်မင်းသား။

ကျော်သူ ...
မင်းကို ဘယ်အာဏာရှင်ကမှ ပိတ်ပင်လို့မရ
တားဆီးလို့မရ။

ကျော်သူ ...
မင်းဟာ ငါတို့ ရဲ့ အမြဲတမ်းရဲဘော်။

ကျော်သူ ...
မင်းဟာ ဦးထွန်းဝေ ပြီးရင်
ရွှေဝါရောင်သူရဲကောင်း။

ကျော်သူ ...
ရန်သူ ဆန့်ကျင်ခံရခြင်းဟာ
ကိစ္စဆိုးမဟုတ်၊ ကိစ္စကောင်း။

ကျော်သူ ...
ပြည်သူချစ်လျှင် ကမ္ဘာ့ည်းတင်မည်။

ကျော်သူ ...
မင်းကို ဒေါ်အောင်ဆန်းစုကြည်ကလည်း
ချစ်တယ်။

ကျော်သူ
မင်းရဲ့ အမုန်တရားဟာ
မင်းရဲ့မျက်ရည်ကို သုတ်ပေးပါလိမ့်မယ်။

ကျော်သူ ...
မင်း ကတုတ်ကျင်း နက်နက်တူးပါ
ရန်သူကို ရှုပ်ရှုပ်ချွံချွံ ခုခံပါ။

တနေ့
ပြည်သူတွေ အောင်ပွဲခံပါလိမ့်မယ် ကျော်သူ။

ပြည်သူထဲမှာ
မင်းလည်းပါတယ် ကျော်သူ။

ကျော်သူ ...
ခု အခြေအနေက
--- --- ---- ။ ။

နိုဝင်ဘာ ၁၊ ၂၀၀၉
မိုးမခ- မှကူးယူဖော်ပြပါသည်။